ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၃ /၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆုတ် ၂ ရက်
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

အကြောင်းအရာ။ ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ လူတို့စားသုံးရန် သင့်လျော်ကြောင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဖြစ်ကြောင်း အတည်ပြုထောက်ခံချက် (Health Certificate) ရယူပြီးမှသာ တင်ပို့ရန်ကိစ္စ

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တည်ဆဲငါးလုပ်ငန်းဆိုင်ရာ ဥပဒေများတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ အရည်အသွေးစစ်ဆေးပြီးကြောင်း၊ ထောက်ခံစာ လျှောက်ထားရယူပြီးမှသာ ပြည်ပတင်ပို့ရန်နှင့် ထောက်ခံစာ မပါရှိဘဲ ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲ ငါးလုပ်ငန်းဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းကို (၃၀-၈-၁၉၉၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၉၄)ဖြင့် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၃။ Border Trade, Normal Trade စနစ်များဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေသော ရေထွက်ပစ္စည်းများအား အရည်အသွေးစစ်ဆေးရာတွင် (Physical, Micro) စစ်ဆေးပြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ လူတို့စားသုံးရန်သင့်လျော်ကြောင်း (fit for human consumption) နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာဖြစ်ကြောင်း၊ အတည်ပြုထောက်ခံချက် (Health Certificate) ရယူပြီးမှသာ ပြည်ပတင်ပို့ရန် ညွှန်ကြားလိုက်သည်။

၄။ အထက်ပါ ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲ ငါးလုပ်ငန်းဆိုင်ရာဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်း ညွှန်ကြားလိုက်သည်။

27/7/2016

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း
ရေထွက်ပစ္စည်းပြည်ပတင်ပို့သည့်ကုမ္ပဏီများ..............................

စာအမှတ်၊ ငလ/နပတ-၅/၂၀၁၆ ( ၂၄၂၅ )
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်

မိတ္တူကို -

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူး(                    )ဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန
- ပြည်နယ်/တိုင်းဒေသကြီးဦးစီးဌာနမှူး၊............ပြည်နယ်/တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ